## လိုင်ဇာ ထိပ်သီး ဆွေးနွေးပွဲ၏ လမ်းညွှန်ချက် ၁၀ ချက်

၁– ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့် အခွင့်အရေးများ အပြည့်အဝရှိသော ပြည်နယ်များကို အခြေခံ၍ စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုစနစ်ဖြင့် တည်ဆောက်ရေး အခြေခံမူကို ခိုင်မာစွာ စွဲကိုင်ထားရမည်။

၂ – အကယ်၍ အစိုးရက နံပါတ် ၁ အချက်ကို လက်ခံပါက တနိုင်ငံလုံးဆိုင်ရာ အပစ်ခတ်ရပ်စဲရေး သဘောတူညီချက် ခေါင်းစဉ်၌ "တော်လှန်ရေး" ဆိုသည့် စကားလုံးကို ပယ်ဖျက်ပစ်မည်။

၃– နိုင်ငံရေးဆွေးနွေးပွဲကို "ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ" ဟု ခေါ်တွင်မည်။

၄– နိုင်ငံရေးဆွေးနွေးပွဲ၌ "အရေးသုံးပါး"ကို ခေါင်းစဉ်တခုအနေဖြင့် ဆွေးနွေးသွားမည်။

၅– နိုင်ငံရေးဆွေးနွေးပွဲ၌ အစိုးရ၊ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်း၊ မှတ်ပုံတင်ရရှိပြီးသော နိုင်ငံရေးပါတီများနှင့် သင့်တော်သည့် ဒီမိုကရေစီအင်အားစုတို့ ပါဝင်မည်။

၆– "အမျိုးသားအဆင့်" နိုင်ငံရေးဆွေးနွေးပွဲကို "အမျိုးသားနှင့် အမျိုးသားများအဆင့်" နိုင်ငံရေး ဆွေးနွေးပွဲဟု ပြောင်းလဲသတ်မှတ်မည်။

၇– ကြားကာလဆောင်ရွက်ရမည့် အစီအစဉ်များကို သဘောတူညီချက်စာချုပ်တွင် အခန်းတခန်း အနေဖြင့် ထည့်သွင်းမည်။

၈– အခြေခံမူကို ဆန့်ကျင်ခြင်းမရှိဘဲ တနိုင်ငံလုံးဆိုင်ရာ အပစ်ခတ်ရပ်စဲရေး သဘောတူညီချက် စကားလုံးအသုံးအနှုန်းများကို NCCT က ပြင်ဆင်ပိုင်ခွင့်ရှိသည်။

၉– ဂျပန်နှင့်နော်ဝေးနိုင်ငံကို တနိုင်ငံလုံးဆိုင်ရာ အပစ်ခတ်ရပ်စဲရေး လက်မှတ်ရေးထိုးရာ၌ အသိသက်သေအဖြစ် ဆောင်ရွက်ပေးရန် သဘောတူညီသည်။

၁၀– တနိုင်ငံလုံးဆိုင်ရာ အပစ်ခတ်ရပ်စဲရေး သဘောတူညီချက်လက်မှတ်ရေးထိုးမည့် အဖွဲ့တိုင်း အောက်ပါအချက်အလက်နှင့် ပြည့်စုံရမည်။

က) လိုင်ဇာအစည်းအဝေး၌ လက်မှတ်ရေးထိုးသည့်အဖွဲ့ ဖြစ်ရမည်။

ခ) အစိုးရနှင့်အပစ်ခတ်ရပ်စဲရေးသဘောတူညီချက်လက်မှတ်ရေးထိုးထားသည့်အဖွဲ့ဖြစ်ရမယ်။

ဂ) လက်နက်ကိုင်အဖွဲ့အစည်း၌ ရှိသင့်သည့် အင်္ဂါရပ်များ အပြည့်အစုံ ရှိရမည်။

ဃ) အစိုးရလက်အောက်ခံတပ်ဖွဲ့ မဖြစ်ရ။

င) မြန်မာနိုင်ငံအစိုးရမဟုတ်သည့် တခြားနိုင်ငံအစိုးရကို တော်လှန်သည့် လက်နက်ကိုင် တပ်ဖွဲ့ မဖြစ်ရ။ – တို့ဖြစ်သည်။